ဝန်ဂင်း
Read on the move



# သူငယ်

ဆုံမှတ်တို့၏ အလင်္ကာ

## အခန်း (၁)

"အား . . ."

ခေါင်းတွေ တရိပ်ရိပ်မူးဝေလာပုံက မြင်မြင်သမျှပုံရိပ်တွေ ဇောက်ထိုးမိုးမျှော်ဖြစ်နေတဲ့ အထိ သွက်သွက်ခါ . . .။

"ကျွတ်"

ခေါင်းကို ဘယ်လိုခါထုတ်လို့ မှ မရ . . .။

ဘယ်လိုဖြစ်တာလဲ . . ။ ဘီယာလောက်ကို မသောက်ဘူးတာလည်း မဟုတ် . . ။

ပါတီတစ်ခုလုံးမှာ ရှိသမျှလူတွေ သူ့ဘေးမှာ ပဲ ခုန်ပေါက်အော်ဟစ်နေကြသလို နားထဲမှာ လည်း ဆူညံသံတွေက ပို၍ နှိပ်စက်လာသည် ။ အမြင်အာရုံတွေ ပိုမိုဝေဝါးလာတာကိုလည်း ထိန်းရ ခက်လာသည် ။

"ဒီး . . ."

ဖုန်း၏ ဗိုင်ဘရေးရှင်းမုဒ်(ဒ်)ကြောင့် လက်က ကုတ်အင်္ကျီအိတ်ကို စမ်းလိုက်မိသည် ။ သို့သော် မကိုင်ဖြစ်ဘဲ လက်က ကတုန်ကယင် ပြန်ကျ၏။

စားပွဲပေါ်မှာ လက်နှစ်ဖက်တင်ကာ စိုက်ကျချင်နေသည့် ခေါင်းကို ပြန်လည်ထူမတ်ဖို့ ကြိုးစားသော်လည်း လက်နှစ်ဖက်စလုံးမှာ တောင့်ခံအားက မရှိ . . ။

"ကျွတ် . . ."

ကိုယ့်ကိုယ်ကို ဘယ်လိုမှ တွေးမရလေ . . . ဒေါသထွက် လာလေ . . . ။

ဒါ ရိုးသားရဲ့ လား . . .။

"ဟော . . . သူဌေးနေရတာ အဆင်ပြေရဲ့ လား . . ."

အမျိုးသမီးအသံနှင့်အတူ သူ မနှစ်သက်သော ရေမွှေးနံ့က နှာခေါင်းထဲကို ပြင်းရှစွာ တိုးဝင် လာသည် ။

ဒီမိန်းမကို သူသိနေသည် ။

သူမထံမှာ သူ မနှစ်သက်သော အပြုံးတွေ . . . သာယာနာပျော်ဖွယ်မရှိသော စကားလုံးတွေ နှင့် အမြဲတမ်း ရနေတတ်သည့် ဒီရေမွှေးနံ့ . . .။

သီရိစန္ဒာဆိုသည့် ဒီအမျိုးသမီးကို သူဘယ်တုန်းကမှ နှစ်လိုခင်မင်ခြင်း မရှိခဲ့လေရာ . . .။

"ပြေတယ် . . ."

ဒါပဲ သူဖြေပြီး အံကြိတ်ထားသည့်မျက်နှာကို တစ်ဖက်လွှဲထားလိုက်၏။

"ဟုတ်ရဲ့ လားရှင် . . . သူဌေး တစ်ခုခုများ ဖြစ်နေသလားလို့ . . ."

"နိုး . . . နိုး . . ."

လူကို ကိုင်တွယ်ထိတွေ့ဖို့ မထိတထိ ကြိုးစားလာတာကို သိလိုက်သည် ။

ကိုယ်ကို မထိခင် သူ လက်ကာ တားလိုက်၏။

"အိုကေ . . . အိုကေ . . ."

"ဒါဆိုရင် ဘာလိုအပ်တာရှိသေးလဲဟင် . . . သူ့ဒွေးကလည်း နည်းနည်းပါးပါး ဒန်းစ်လေး ဘာလေး လုပ်ကြည့်ပါလား . . ။ စိတ်လန်းသွားတာပေ့ါ . . အပွန်း . . . တစ်ယောက်ယောက်နဲ့ ချိတ် ပေးရမလား . . ."

သူ ဘာမှ ပြန်မပြောနိုင်တော့ပေ . . ။ လူမသိအောင် ဘယ်လိုပဲတင်းထားပေမယ့် ခေါင်းက စိုက်ခနဲ . . . စိုက်ခနဲ . . ။

"ဒီး . . ."

ဖုန်းသံက ပေါင်မှာ ရိုက်ပုတ်နှိုးဆွနေပြန်သည် ။ ဒီလောက် ဘယ်သူခေါ်နေတာလဲ . . ။

သူ့ဖုန်းကို မရမက ခေါ်ရဲတဲ့ သူ တစ်ယောက်ပဲရှိသည် ။

သတိရလို့ ဖုန်းဆီကို လက်ကရောက်သွားပေမယ့် ပြန်ကျခြင်းသို့ရောက်၏။

"သူ ဘယ်လိုနေလဲ . . ."

"ကြည့်ပါလား . . . ။ တော်တော်တော့ စိတ်ခိုင်သားပဲ . . ."

မလေးရှားဝတ်စုံပုံစံတွေနှင့် ရင်ရှားထားသလို အနက်ရောင်ကိုယ်ကျပ် ခပ်ရိုင်းရိုင်းတွေ ဝတ်ထားကြသည့် အမျိုးသမီးနှစ်ယောက်က စားပွဲနှစ်လုံးကျော်ကနေ ခေါင်းချင်းရိုက် အကဲခတ်နေ ၏။

စားပွဲတွေမှာ တစ်ယောက်စ နှစ်ယောက်စသော လူပဲ ကျန်ကာ အားလုံးက စက်ဝိုင်းလို လည်နေသည့် ဆလိုက်မီးရောင်အောက်မှာ ပျော်ပျော်ပါးပါး "က" နေကြသည် ။

သီချင်းသံ ငြိမ့်ငြိမ့်လေးက ငြိမ့်ညောင်းစွာ စီးမျောစေသော အကနှင့်

အလှတို့ ကို ဖန်ဆင်းပေး နေသကဲ့သို့ ရှိလျက် . . .

"သူက တစ်ယောက်တည်း လာတာလား . . ."

"ဟိုတစ်ယောက်မှ မရှိတာ . . . ရှိလို့ လည်း မဖြစ်ဘူးလေ . . ။ အဲ့တစ်ယောက် သိပ်ရှုပ်တာ . . ."

"ရလောက်ပြီထင်တယ် သီရိ . . . ကား အဆင်သင့်ပြင်ထား လိုက်လေ . . ."

"ခိုင်းထားပြီးပြီ . . . ဟိုတယ်မန်နေဂျာကိစ္စတွေပါ ရှင်းထားတယ် . . ."

"အိုး . . သီရိက ဒီလိုဆိုတော့လည်း အားကိုးရသားပဲ . . . မဆိုးဘူး၊ ယူ သူ့ရဲ့ အတွင်းရေးမှူးကို ကျော်သွားနိုင်တယ် . . . "

ကျေနပ်အားရသော ရယ်သံ ခပ်ညှင်းညှင်းတို့ မဆုံးသေးမီ . . ။

"ဘယ်လိုလဲ ခိုင် . . . မင်းတို့ ပြောတော့ ဟိုတစ်ယောက်ကို ရှင်းထားတယ်ဆို . . ."

"ဟင် . . ."

ကုတ်အင်္ကျီရှည်တဖားဖားနှင့် ဦးမိုးလွန်က အလွန်အမင်း ဒေါသထွက်နေသည့်မျက်နှာနှင့် ရောက်လာကာ . . .

"သူ ဒီမှာ မရှိဘူးဆို . . . အဲဒါ ဘယ်လိုသေချာခဲ့တာလဲ . . ။ အခု အပြင်မှာ . . ."

"ဟုတ်လို့ လား ဦးမိုးရယ် . . . ဒီဇင်ဘာနောက်ဆုံးပတ်က ပြဿနာအတွက် သူ ရှင်းနေရတာ . . ။ ဒီနေ့က တကယ့်ဖိုင်နယ်လေ . . ."

"ဒါ . . မေးခွန်းထုတ်နေရမယ့်အချိန် မဟုတ်ဘူး . . . ။ ဘာလုပ်ရမ

ယ်ဆိုတာ နားလည်ရင် အချိန်မီ ပြန်ထိန်း . . .”

ဦးမိုးလွန် ချာခနဲ ပြန်လှည့်သွား၏။

ဒေါ်သီရိစန္ဒာနှင့် ဒေါ်စုလတ်ခိုင်တို့ ချက်ချင်း လူချင်းခွဲလိုက်ကြ၏။

“ကျွန်တော်က သူဌေး ဦးပညာဂုဏ်ရဲ့ အတွင်းရေးမှူး . . .”

“ခဏ နေပါဦး . . .”

ရှေ့ကို တိုးလိုက်သည့် ခြေလှမ်းရှေ့မှာ လက်တစ်ဖက်က ဖျတ်ခနဲပိတ်ကာလိုက်ပြီး . . .

“ဒါကပါတီပေးနေတာပါ . . .။ အတွင်းရေးမှူးတွေ . . . ကိုယ်ရံတော်တွေနဲ့ လာကြတာ မဟုတ်ဘူး . .”

နောက်ထပ်တစ်ယောက်က ကာထားသည့်လက်ကို အသာလေးဖယ်ချပြီး ရှေ့မှာ ခန့်ညားစွာ ပိတ်ကာရပ်လိုက်သည် ။

“ပါတီတက်မယ်ဆိုရင် ကတ်ပြပါ . . .”

ပီကေဝါးနေသည့် မေးရိုးလေးတစ်ဖက် လှုပ်သွားပြီး တင်းခနဲ ဖြစ်၏။

သူမ မျက်ဝန်းလေးတွေ ပြုံးပြုံးပြက်ပြက် လက်သွားကာ . . .

“ကတ် မပါဘူး . . . ပါတီတက်ဖို့ လာတာလည်း မဟုတ်ဘူး . . .။ အဲဒီတော့ တားဆီးတာ ကို နားမထောင်နိုင်တာ ဆောရီးပဲ . . .”

“ဟော့ . . .”

ယောကျ်ားနှစ်ယောက်၏ ကြားထဲကို ဒိုင်းခနဲ ဖြတ်ဝင်ပစ်လိုက်သည် ။ လှမ်းဆွဲမည့်လက်တွေ က မိန်းကလေးမို့ ဟန်ပြင်နေရင်း ဒီတိုင်း ကျန်ခဲ့ကြကာ . . .

"ဟော့ . . နေဦး . . "

"အဲ့ တစ်ယောက်ကို တားလိုက်စမ်း . . ."

"က" နေတဲ့ လူတွေဆီအနား မနီးခင် နောက်ကနေ ပြေးလိုက်လာရင်း ခပ်ကြိတ်ကြိတ် အမိန့် ပေးသည် ။ လူနှစ်ယောက် ဘောင်းဘီရှည်တွေ . . .ကုတ်အင်္ကျီတွေနဲ့ လည်စည်းတွေ တကားကားနဲ့ ဣန္ဒြေ မရနိုင်စွာ ပြေးထွက်လာကြ၏။

သူမ နှုတ်ခမ်းမှာ လှစ်ခနဲ မဲ့ပြုံးနှင့် ပီကေဝါးမပျက်ဘဲ ရှေ့ကို တိုက်ရိုက် ဆက်တိုး၏။

"ရပ်နေလေ . . . ဟော့ . . ."

"ဒုန်း . ."

တစ်ယောက်က ရှေ့ကို အရင်ရောက်လာသည် ။ လုံးဝ နီးကပ်လာမှ ရင်ဘတ်ကို တအား ဆောင့်တွန်းပစ်လိုက်သဖြင့် လဲကျသွားသံက ဒုန်းခနဲမြည်၏။

နောက်တစ်ယောက် ပြေးကပ်လာလျှင် စလွယ်သိုင်းချိတ်ထားသည့် အိတ်သေးလေးကို ဖြုတ်၍ ဗိုးခနဲ လွှဲရိုက်ပစ်လိုက်၏။

"ဘုန်း . . ."

"အား . . ."

ယောကျ်ားမတန်မဲ့ မျက်နှာကိုအုပ်၍ စူးစူးဝါးဝါး အော်လိုက်သဖြင့် ပါတီပွဲထဲကလူတွေ လှမ်းကြည့်လာကြ၏။

ထိုအခါ ကျင်းပနေသည့်ပွဲက ချက်ချင်း ရပ်တန့်ငြိမ်သက်ခြင်းသို့ ရောက်လျက် . . .

"အို . . . ဘာတွေဖြစ်ကြတာလဲ . . .။ ဒီလေး . . . လာလေ ခုမှ ရောက်လာတာလား . . ."

ဒေါ်စုလတ်ခိုင် ပို့ုင့်ဒေါက်မြင့်ကြီးကို စီးထားပေမယ့် အပြေးတစ်ပိုင်း ထွက်လာတာတောင် တစ်ချက်လေးမှ မယိုင် . . .။

"ခုပဲ ဖုန်းဆက်ခိုင်းနေတာ . . . ဦးဂုဏ် နည်းနည်းများ သွားတယ် ထင်တယ် . . . မထနိုင်လို့ လေ . . ."

ဒေါ်စုလတ်ခိုင်က ပျာပျာသလဲပြောရင်း နောက်က ဆွဲထုတ်တော့မတတ် အပြေးအလွှား လိုက်ပါလာသည့်နှစ်ယောက်ကို မီးဝင်းဝင်းတောက် ဖျတ်ခနဲ ခဏပဲ ဝေ့ကြည့်၏။

"တာဝန်ခံလူတွေ ဘယ်ရောက်ကုန်ပြီလဲ . . .။ ဟော့ . . . ဒါဘာလုပ်ကြတာလဲ . . . ဘာတွေ သိတတ်နားလည်ပြီး တာဝန်ခံ လုပ်နေတာလဲ . . .။ ဒီလူတွေကို လာရှင်း . . ."

ဟိုဒီ လှမ်းကြည့်အော်ပြောကာ ဒီလေးရဲ့ လက်လေးကို ဆွဲသည် ။ ပြီးတော့ နောက်လှည့်၍ . .

"အေးဆေး အပန်းဖြေပါရှင် . . . နည်းနည်းပါးပါး ချိတ်ဆက်လွဲမှု လေးပါ . . .။ အဟွန်း . . . ဒီပွဲမှာ အရေးကြီးတဲ့ လူကြီးလူကောင်းတွေချည်းပဲဆိုတော့ အရမ်းတင်းကျပ်ထားလို့ ပါ . . . ဆောရီး ပါ . . . ဘဲရီး ဆောရီး . . ."

အပြုံးတို့ နှင့် လှည့်ပတ်တောင်းပန်နေသည့် ဒေါ်စုလတ်ခိုင်ကို ဒီလေးက စိုက်ကြည့်၍ ကိုင် ထားသည့်သူမလက်ကို ဖယ်ချလိုက်သည် ။

" လာလေ ဒီလေး . . . သူဌေးဆီကိုသွားမှာ မို့လား . . ."

"သူ ဟိုတယ်ခန်း တစ်ခုခုထဲကို မရောက်သေးဘူးဆိုရင် ကျွန်တော့်

ဘာသာ သွားခေါ်လို့ ရပါတယ် . . .။ ရှေ့က ဖယ်ပါ . . .”

ဦးဆောင်ခေါ်သွားဖို့ ပျာပျာသလဲ ပြင်လိုက်သည့် ခြေလှမ်းက တုံ့ခနဲ ဖြစ်သွား၏။ သူမ ပြန်လှည့်ပြီး တစ်ခုခုပြောဖို့ ပြင်လိုက်တုန်းမှာ ပဲ ဒီလေးက သူမရဲ့ ပခုံးတစ်ဖက်ကို မထိတထိချိတ်၍ တိုးတိုက်သွားသည် ။

လူအများ ရှေ့မှာ ဒါဟာ အတိအကျ စော်ကားခံလိုက်ရတာ ဖြစ်ပေမယ့် ဒေါ်စုလတ်ခိုင် အရေး ထား ဒေါ်ပွချိန်မရလိုက်ဘဲ နောက်ကနေ တဖားဖား လိုက်ရပြန်ကာ . . .

“ဒီလေး . . .”

မိန်းမသားခြေလှမ်းချင်းတူပေမယ့် သူမက စတိုင်လ်ဘောင်းဘီအရှည် . . . ကိုယ်က ဒူးကျ ကိုယ်ကျပ်အင်္ကျီကပ်ကပ်နှင့် . . .။

ထို့ပြင် ဒေါ်စုလတ်ခိုင်က ပွိုင့်ဒေါက်ကြီးနဲ့ ဖြစ်ကာ သူမက ဝေ့လ်ကင်းရှူးနဲ့ . . .။

“ဒီလေး . . . ဒီလိုရှိတယ်နော် . . . တို့ တွေအားလုံးက သူ့ကို ဘာလို အပ်သလဲဆိုတာ သေချာကို မေးနေခဲ့တာ . . .”

သူမ ခြေလှမ်းကျဲကို ဒေါ်စုလတ်ခိုင် သေလုမြောပါး လိုက်ခဲ့ရင်း အမောတကော ရှင်းပြနေရ ကာ . . .

“အဲဒါ သူက ဘာမှ မပြောဘူး . . .။ မင်းကို ဆက်သွယ်ဖို့ ကျတော့လည်း မင်းက သူ့ရဲ့ အတွင်းရေးမှူး မဟုတ်ဘူး လိုလို ပြောကြတာတွေက ရှိသေးတယ်လေ . . . နောက်ပြီး ဒီနေ့ မင်း အလုပ်ရှိ . . .”

ဒီလေး ခြေလှမ်း တုံ့ခနဲရပ်သွားတော့ ဒေါ်စုလတ်ခိုင်လည်း လူရော အသံပါ ရပ်တန့်သွားခဲ့ ၏။

"ကျွန်တော်ကလည်း . . . ကျွန်တော် တခြားရောက်သွားတုန်း ဦးဂုဏ် ပါတီပွဲတက်နေတယ် ဆိုလို့ ပြန်လှည့်လာခဲ့တာ . . ."

"မင်း ပြောပုံက သူဌေးကပဲ မင်းမပါဘဲ ဘယ်ကိုမှ . . ."

"ဟုတ်တယ် . . .။ အခု သူတစ်ယောက်တည်း ထွက်သွားတဲ့ အတွက် ဒီလိုဖြစ်တာ . . ."

စားပွဲပေါ်မှာ မှောက်နေပြီဖြစ်သည့် ဂုဏ်ကို လှမ်းမြင်နေရသည် ။

ဒီလေး ပြောလိုက်တော့ ဒေါ်စုလတ်ခိုင်ကလည်း လှမ်းကြည့်ကာ . . .

"မူးတတ်တဲ့ အရာကို အလွန်သောက်မိရင် မူးတာပဲ . . ."

"သူ ဘယ်တော့မှ လွန်အောင် မသောက်ဘူး . . ."

ပြောပြီး ဒီလေးက ခြေလှမ်းကျဲတွေနဲ့ လျှောက်ထွက်သွား၏။ ဒေါ်စု လတ်ခိုင် မျက်နှာပျက် ပျက်နှင့် ရပ်ကျန်ခဲ့၏။

ပြီးတော့ မသိမသာ အံကြိတ်ရင်း ထောင့်ကွယ်နေရာတွေကို မျက်လုံး ကစားသည် ။

ဒါကို သူတို့ မြင်နေ ကြားနေကြမှာ ပါ . . .။

"ဒီလေး . . ." လို့ ရတ်တရက်ကြားလျှင် ယောကျ်ားလေးလိုလို အများကထင်ကြသည့် "ဒီရင်ခွင်" ဟာ ယောကျ်ားနဲ့ လည်း မတူ . . .။ ယောကျ်ားစိတ် ဝင်နေတဲ့ မိန်းကလေးလည်း မဟုတ် ပေ . . .။

ဒါပေမဲ့ သူမရဲ့ ဖျတ်လတ်သွက်လက်ခြင်းတွေက ရွယ်တူယောကျ်ား လေးတချို့ထက်တောင် သာနိုင်သေးသည် ။

အကြည့်ကလည်း ရဲသည် . . .။ အပြောလည်း ရိုင်း၏။

ထို့ပြင် . . . လက်ကလည်း မြန်သေးသည် ။ သူမနဲ့ "ပညာဂုဏ်" ဆို

သည့် သူဌေး ဘယ်လို ပတ်သက်သည် မသိသော်လည်း ဟိုလိုဒီလိုပုံစံမျိုး မဟုတ်နိုင်ဘူးဆိုတာကို ဘာနဲ့ မှ သက်သေထူပြဖို့ မလိုဘဲ အသိုင်းအဝိုင်းအားလုံးက သိကြသည် ။

ထို့ကြောင့် ဘာမှ မရေရာသော ထင်ကြေးများ စွာထဲမှာ အဖြေက တစ်ခုတည်း ထွက်လာ၏။

သူမက ပညာဂုဏ်ရဲ့ သက်တော်စောင့်လား . . .။

"ဦးဂုဏ် . . . ဦးဂုဏ် . . ."

"ဟင် . . ."

"သတိရရဲ့ လား . . .။ ခေါင်းထူကြည့် . . . ခင်ဗျားကို လာခေါ်တာ . . ."

"ဟင် . . . ဒီ . . ဒီလေး . ."

"ဟုတ်တယ် . ."

"အင်း . . ကျွတ် . . ကျွတ် . ."

"ခင်ဗျား အိမ်ပြန်ရဦးမယ် . . မျက်လုံး ဖွင့်ကြည့်လေ . ."

"သိတယ် . . အင်း . . င့ါ . . င့ါကို ထူပေး . ."

ဂုဏ်က ခရိုခယိုင်နှင့် ထရပ်ဖို့ ကြိုးစား၏။ ဒီလေးက လက်တစ်ဖက်ကိုမြှောက်၍ ထိုလက် အောက်ကနေ ခေါင်းလျှိုဝင်လိုက်ပြီး ဂုဏ်ကိုယ်ကြီးကို တွဲသည် ။

ပြန်ထွက်လာသည့်တစ်လျှောက်မှာ ပြေးကူ ဖေးမမယ့်လူတွေရှိပေမယ့် လက်တပြင်ပြင်နဲ့ ပဲ ရှိကာ ဘယ်သူမှ ပြေးမကိုင်ရဲ . . .။

ထိုလူတွေထဲမှာ ဒေါ်စုလတ်ခိုင် အပါအဝင် သူမသိထားသည့်လူတွေ

တစ်ယောက်တလေမှ ရှိမနေကြတာကို သိကာ ဒီလေး နှုတ်ခမ်းတွေ တင်းတင်းစေ့သွားသည် ။

ကားပေါ်ရောက်အောင် သေချာ တွန်းပို့ပြီးမှ မောင်းသူနေရာမှာ ဝင်ထိုင်လိုက်ကာ . . .

"ဦးဂုဏ် . ."

"ဟင် . ."

"ခင်ဗျားကို နာမည်ခေါ်ကြည့်နေတာ မဟုတ်ဘူး . . . မျက်လုံးလေးဘာလေး ဖွင့် . ."

"ဘာ . . ဘာပြောလိုက်တာလဲ . ."

"ကျွတ် . ."

အာလေးလျှာလေးနှင့် သတိတော့ မလစ်အောင် ထိန်းထားနိုင်ပေမယ့် ဒါကိုပဲ သူမ စိတ်မရှည် . .။

"ခင်ဗျား အိမ်ပြန်ရမှာ လေ . ."

"အင်း . . အခု ရောက်ပြီလား . ."

"အခု ဦးမောင်မောင် ခြံထဲမှာ ပဲ ရှိသေးတာ . ."

"ဦးမောင်မောင် . . အင်း . . ဟုတ်တယ် . . ငါ သူနဲ့ တွေ့ဖို့ လာတာ . . ။ ကျွတ် . . ကျွတ် . . ပြန်မယ်ကွာ . . ။ ခေါင်းတွေ အား . . မူးတယ် . . "

ပြောနေရင်း ကူရှင်မှာ မှီတင်ထားသည့်ခေါင်းက ဘယ်ဘက်စောင်းကျသွားလိုက် . . ညာဘက် လိမ့်လိုက်နှင့် သေသပ်ကျနစွာ ဖြီးထားသည့် ဆံပင်က ဘယ်လိုလိမ့်နေနေ ပုံမပျက်ပေမယ့် ကားထဲမှာ မီးဖွင့်ထားသဖြင့် နီရဲ အဆီပြန်နေသည့်မျက်နှာက ရုပ်ပျက်ဆင်းပျက်ဖြ

စ်နေ၏။

မျက်ခုံးတန်းတွေကို နှစ်ဆစ် သုံးဆစ်ကျိုးအောင် ကုတ်ချီထားကာ ဖိမှိတ်ထားသည့် မျက်လုံး အစုံကိုလည်း နည်းနည်းမှ မဖွင့် . . .။

"အရမ်းပဲကွာ . . အရမ်းခံရခက်တယ် . . တောက် . ."

"ခင်ဗျားက ပါတီ လာတက်တာလား . ."

"ဟင် . . ဘယ်ကလာ . . ဒီလူတွေ . . ဘာမှန်းမသိဘူး . . ပြန်မယ်ဆိုမှ ကွာ . ."

ဘာမှ ပြောဆိုမကောင်းတော့မှာ သိကာ ဒီလေး အထဲမီး ပြန်မှိတ်၍ စက်နှိုးလိုက်သည် ။

သို့သော် . . .

"အဲကွန်း ဖွင့်လိုက်မယ် . . ခင်ဗျားကို ရှော့ခ်ရသွားအောင်လုပ်တာ မဟုတ်ဘူး . . ဒါပေမဲ့ ခဏတစ်ဖြုတ် မျက်လုံးဖွင့်လို့ ရအောင်လို့ . ."

"ဟင် . . ဟာ . . မရဘူး . . ငါ မျက်လုံးဖွင့်လိုက်ရင် အန်မိတော့မှာ . . ကျွတ် . . ကျွတ် . . မူးနေတာ အရမ်းပဲ . ."

"ဘာလို့ ကျွေးသမျှ တိုက်သမျှ မြိုချနေလဲ . . နည်းသေးတယ် ခင်ဗျား . ."

"ကျွတ် . ."

ကိုယ်ပြောတာကို စိတ်ပျက်တာလား . .။ သူ့ဘာသာ ညည်းတာလား တော့မသိ . .။ ဒါပေမဲ့ သူမကတော့ စိတ်တိုနေခဲ့တာ အမှန်ပင် . . .။

ဒီလူတွေ မရိုးသားပါဘူးဆိုတာ မသိတာလည်း မဟုတ် . .။ ပါတီတက်ဖို့ သွားခဲ့တာ မဟုတ် ဘူးဆိုရင်လည်း ဘာဖြစ်လို့ ဒီထဲဝင်ပြီး သော

က်စားနေတာလဲ . .။

“ဒီမှာ . .”

“...........”

“ဦးဂုဏ် ...”

“ဟင် ...”

ငြိမ်သက်နေရာကနေ ဆတ်ခနဲဖြစ်သွားကာ မျက်လုံးတွေဖွင့်ဖို့ ကြိုးစားပြီးမှ ပြန်မှိတ်၏။

“ဘာလဲ ... ရောက်ပြီလား ...။ ဦး ... ဦးစိုးကို ခေါ်ကွာ ...”

“မရောက်သေးဘူး ... ခင်ဗျားကိုရောက်အောင် လိုက်ပို့ရင် ကျွန်တော်က ဘယ်လိုလုပ် ပြန်မလဲ ...”

“ပြန်ချင်သလိုပြန်ကွာ ... မောင်းစမ်းပါ ...”

“ခင်ဗျား ဒရိုင်ဘာ လှမ်းခေါ်လိုက်မှ ဖြစ်မယ် ...”

“ဟင် ... ဘာ ...”

ဒီတစ်ခါ ဒီလေး စိတ်မရှည်စွာ ကျွတ်ခနဲ ဖြစ်လျက် ...။ အမူးသမားနှင့် စကားပြောရခြင်းကို အလွန်အမင်း စိတ်ပျက်မိခြင်းဖြစ်ကာ နာရီကို လှမ်းကြည့်မိ၏။

“ဘာလုပ်ရမှန်းကို မသိတော့ဘူး ...။ ခင်ဗျား တော်တော်ဒုက္ခပေးတဲ့ လူဗျာ ...”

“ဘာပြောလိုက်တာလဲ ...”

“ကျွန်တော်တို့ လမ်းနဲ့ နီးနီးလေးကို ရောက်နေပြီ ဒီမှာ ...။ ခင်ဗျား

ကို ပြန်ပို့ပြီးရင် ကျွန်တော် ပြန်ရမှာ က …”

ကြည့်လိုက်တော့ ဂုဏ်က အိပ်ပျော်သွားပြီ ဖြစ်၏။

“ဦးဂုဏ် …”

ခေါ်ကြည့်တော့လည်း မထူးတော့ပေ …။ ထို့ကြောင့် စိတ်လျှော့၍ ကားပြန်မောင်းရခြင်းသို့ ရောက်လျက် …

“ဒီအလုပ်နဲ့ ငါ အဆင်မပြေပါလား …”

* * *

# အခန်း (၂)

"ငါ ဗိုက်ဆာတယ် ..."

"ခဏလေး မာမီ ..."

"ဟော့အေး ... ဆာပါတယ်ဆိုမှ ..."

"ပြီးနေပါပြီ မာမီရာ ..."

ထမင်းပေါင်းအိုးကို မီးပိတ်၍ ပန်းကန်တွေ ချလိုက်သည် ။ ပြီးတော့ အားလုံး အစုံဝယ်ထား သော ရယ်ဒီမိတ်ဒ်အထုပ်လေးတွေ တစ်ခုစီ ဖွင့် ထည့်လိုက်လျှင် ငရုတ်သီးကြော် ... ငါးရံ့ခြောက် မီးဖုတ်နှင့် သရက်သီး သနပ် ...။

ဒေါ်ငြိမ်းချမ်းက ဒီလေးလုပ်သမျှကို စားပွဲမှာ အကျအနထိုင်၍ လည် ပင်းရှည်ကြည့်ရင်း နှာခေါင်းတွေ ရှုံ့ပွပွနှင့် အနံ့ခံနေ၏။

ဒီလေးက အားလုံးကို ဒေါ်ငြိမ်းချမ်းရှေ့ထိ သေချာတိုးကပ်ပေးလိုက်ပြီး ပေါင်းအိုးထဲက ထမင်းကို ပန်းကန်ထဲ ထ ည့်ပေး၏။

"အာ ... မွှေးလိုက်တာ ..."

ဒေါ်ငြိမ်းချမ်းက ဇွန်းနဲ့ ခက်ရင်း သူ့ဘာသာယူ၍ ထမင်းချည်းပဲ ပူပူ လောင်လောင်နဲ့ နှစ်ဇွန်း လောက် စား၏။ ပြီးတော့ ...

“ဟဲ … ဟဲ … အသားသွတ်ဘူးတွေ ဖောက်ထည့်ပြီး ပေါင်းအိုးထဲ တစ်ခါတည်း ထည့်ချက် တာ ငါ့သမီးတစ်ယောက်ပဲ ရှိတယ် …”

ပြောပြီး ငရုတ်သီးကြော်ကို လှမ်းခပ်စားကာ …

“အမြဲတမ်း လက်ရာမပျက် ငရုတ်သီးကြော် စားရတာလည်း ငါ့သမီး ကျမှ ပဲ ..။ ဟဲ .. ဟဲ .. ရယ်ဒီမိတ်ဒ် ဝယ်ဝယ်လာတာတွေ …”

အမြဲတမ်း စိတ်ကယောက်ကယက်နှင့် ပြောချင်တာတွေ ပြောတတ် ပေမယ့် မသိတာလည်း ဘာမှ မရှိ …။ မာမီ့ကိုကြည့်ပြီး ဒီလေးပြုံးမိသ ည် ။

“ဘာရယ်တာလဲ ..။ ညည်းကို ချီးမွမ်းနေတာ မဟုတ်ဘူး .. အဟွန်း . . ဒါပေမဲ့ ကောင်းပါ တယ် ..”

ကျွေးသမျှကိုတော့ အားပါးတရ စားရှာပါ၏။ ဘာပဲဖြစ်ဖြစ် မာမီပျော်နေတာကို မြင်နေရတာ သူမ စိတ်ချမ်းသာသည် ။

မာမီ့စိတ်သာ ခုလိုကစဉ့်ကလျား ဖြစ်မနေခဲ့ဘူးဆိုလျှင် ဒက်ဒီနဲ့ ပတ် သက်သော စိတ်သောက တွေကို ဘယ်လောက်ထိ ရက်ရှည်လများ ခံ စားနေရမလဲဆိုတာ မသိ …။

“ဟဲ့ .. ဒီလေး ..”

“ရှင် ..”

“တစ်ခါတလေ ဟင်းလေးဘာလေး ချက်ကြည့်ပါလား …။ မိုးကြိုးပ စ်မချပါဘူးဟယ် …”

“မာမီကလည်း ကျွန်တော်မှ မအားတာ …။ တော်ကြာဆို အ လုပ်သွားရတော့မှာ ..”

“မိန်းကလေးဆိုတာ အစောကြီးထပြီး ချက်ပြုတ် ဆွမ်းတော်ကပ်ရတယ် ..။ ယောကျ်ား အ လုပ်သွားဖို့ အတွက် လိုလေသေးမရှိ ပြင်ဆင်ထားပြီးမှ အဲဒါ ဘရိတ်ဖက်စ်အတွက် မနက်တစ်ပိုင်း တာဝန်ပြီးတာ ... ”

“အဲဒီမိန်းမတွေ ပြတိုက်ထဲရောက်ကုန်ပြီ ...”

“ဟဲ့ .. ဟုတ်လို့ လား ..”

“တော်ကြာ မာမို့သမီး ပြတိုက်ထဲ ရောက်သွားလို့ ရယ်ဒီမိတ်လေးတွေတောင် ဝယ်ကျွေးမယ့် သူ မရှိဘဲ ဖြစ်သွားလိမ့်မယ် . .”

“အေး . . ဟုတ်တယ် . . မလုပ်ပေးနဲ့ တော့ . . ညည်းယောကျ်ား . . အဲ . . နေဦး . . ညည်းမှာ ယောကျ်ားလည်း မရှိပါလား . .”

ကော်ဖီဖျော်ပြီး ပေါင်မုန့်မီးကင်လုပ်နေတုန်း ဒီလေး ပန်းကန်ပြားပိုင်းလေး အရင်ချလိုက် ကာ . . .

“ထမင်းဖြောင့်ဖြောင့်စားပါ မာမီရာ . . စကားတွေပြောရင်း ဗိုက်မပြည့်ဘဲ ဝသွားဦးမယ် . . ”

“ငါစားနေတာပဲ . . .”

ပြောလိုက်တာနဲ့ ထမင်းကို ပါးစပ်တစ်လုံးပြည့်အောင် ဆက်တိုက်ထည့်သည် ။ ဒါပေမဲ့ ဖိတ်တာစဥ်တာလည်း မဖြစ် . . .။ စားသောက်ရင်း စကားပြောပေမယ့် ကြည့်ရဆိုးအောင် ဘာမှ လည်း ပေကျံခဲ့ဖူးတာ မရှိပါ . . .။

မကြာသေးသော အတိတ်တစ်ချိန်က သူဌေးကတော် ဒေါ်ငြိမ်းချမ်းခင်၏ အဆင့်အတန်းက စိတ်မူမမှန်ဖြစ်နေပေမယ့် မဖောက်မပြန်ရှိနေဆဲဖြစ်ကာ . . .

"ညည်းမှာ ယောက်ျား မရှိရင် ထည်ဝါနဲ့ ယူလိုက်ပါလားအေ . . . ထည်ဝါက တော်ပါတယ်. ."

"ကျွန်တော် ဘယ်ယောက်ျားမှ မယူချင်ဘူး မာမီ . . . အဲဒါတွေ မပြောနဲ့ တော့ . . ."

"မပြောလို့ ရမလား . . .။ ငါ့မှာ ဝတ္တရားရှိတဲ့ ဥစ္စာ . . ."

"အဲဒီဝတ္တရားတွေလည်း ပြတိုက်ထဲမှာ ရောက်ကုန်ပြီ . . ."

"မဟုတ်တာအေ . . . ဝတ္တရားက လူမှ မဟုတ်တာ . . ."

ကော်ဖီနဲ့ ပေါင်မုန့်ကို မတ်တတ်ကနေ စားသောက်ရင်း နာရီလည်း ကြည့်ရသေးသည် ။ ပြီးမှ

"မာမီကလည်း ဝတ္တရားဆိုတာ စာအုပ်ထဲထည့်လို့ ရတယ်လေ . . ."

"ဟမ် . . ."

"ပြတိုက်ထဲမှာ စာအုပ်တွေမှ အများကြီးပဲ . . ."

"အဲဒီထဲမှာ ဝတ္တရား ပါသွားတာလား . . ."

"ပါသွားပြီ . . . ခုခေတ်မှာ မိဘတွေက သားသမီးကို အိမ်ထောင်ဖက် ရှာမပေးကြတော့ဘူး"

"ဒါဖြင့် ညည်း ယောက်ျား မရတော့ဘူးပေါ့ . ."

ဒီလေး မာမီ့ကို ကြည့်ပြီး ရယ်မိ၏။

"ဟဲ့ . . . ဘာရယ်တာလဲ . . .။ အသီးတစ်ရာ အညှာတစ်ခု . . . အဲ . . . ဟုတ်ပါဘူး . . . ပွင့်တာက ပွင့် . . . လန်တာကလန်လား . . . ။ ဘာလဲ . . . ယောက်ျားယူချိန်တန်တဲ့ ဟာလေ ..."

“သီးချိန်တန်သီး . . . ပွင့်ချိန်တန်ပွင့်ပါ မာမီရယ် . . .”

ပါးစပ်ထဲမှာ ဝါးနေတာတွေ ပြန်ထွက်မကုန်အောင် ပါးစပ်ပိတ်ရယ်ရင်း စားနေတာကို လက်စသတ်ရတော့သည် ။

ထိုစဉ် ဖုန်းမြည်လာသဖြင့် ဘေးမှာ အဆင်သင့်ချထားသည့် အိတ်ထဲက ဖွင့်ယူလိုက်ကာ . . .

“ဟယ်လို . . .”

“မင်း ညက ဘာဖြစ်လို့ ကားယူမသွားတာလဲ . . .”

“မလိုလို့ . . .”

“ဝင်းစိုး ပြောတယ် . . . ရှစ်နာရီခွဲနေပြီတဲ့ . .။ တစ်လမ်းလုံး မှောင်နေတာကို မင်း ဒီတိုင်း လျှောက်ပြန်သွားတာလား . .”

“ပြီးသွားတာကို ပြန်ပြောနေတာလောက် အဓိပ္ပာယ်မဲ့တာမရှိဘူးဗျာ . . အခု ခင်ဗျား အခြေအနေ ဘယ်လိုလဲ . .။ အိုကေလား . .”

“နိုး . .”

“ဒါဆို ကျွန်တော့်ဘာသာ ကုမ္ပဏီ သွားလိုက်ရမှာ လား . .”

“အေး . . နေ့လယ်ပိုင်းလောက်မှ ငါလာမယ်ကွာ . . ဒါနဲ့ . . နေဦး . . မင်းနဲ့ ဒေါ်စန္ဒာတို့ ညက ရှော့ခ်ရှိခဲ့လား . .”

“နည်းနည်းပါးပါးပဲ . .”

“ငါ ရောက်သွားတာ မင်း ဘယ်လိုလုပ်သိပြီး လိုက်လာတာလဲ . .”

“ခင်ဗျား မသိတာတွေ ခင်ဗျားထက် ပိုသိတယ် . . နောက်ဆိုရင်သာ ဒီကပြောရင် နည်းနည်း ပါးပါး အလေးထား . .”

ဖုန်းကို စားပွဲပေါ် ချထားလိုက်ပြီး ဒီလေးက လှည့်ထွက်သွားသည် ။ ဒေါ်ငြိမ်းချမ်း ဖုန်းကို လည်ပင်းရှည်ကြည့်၍ . .

"ဒီလေး . ."

"ရှင် . ."

"ဒီလေး . ."

"ရှင် . . ဗျာ . ."

"ဟဲ့ . . ဘာလဲ ရှင် . . ဗျာကြီးက . ."

"မာမီ ဘာဖြစ်လို့ မရမက ခေါ်နေတာလဲ . .။ ဒီမှာ အထဲရောက်နေတဲ့ ဟာကို . ."

"အေးလေ . ."

ဒေါ်ငြိမ်းချမ်း ထမင်းပန်းကန်ထဲက လက်ကျန်ကို ပါးစပ်ထဲထည့်လိုက်ပြီး ကမန်းကတန်း မြိုချသေးသည် ။ ပြီးမှ ဝါးသံမပျောက်တပျောက်နှင့် . .။

"ငါကမေးစရာရှိလို့ ခေါ်တာလေ . .။ အဲဒီဗျာတွေ ကျွန်တော်တွေက ဘာဖြစ်လို့ ထွက်ထွက် လာတာလဲ . ."

လှမ်းဆူပြီးတော့ မကျေမနပ်မျက်နှာက ချက်ချင်းပြုံးသွားကာ . . .

"သူက မန္တလေးသူတွေ စကားပြောတာကို သိပ်ချစ်တာ . .။ ဖော်ရွေတယ် . . မာနရှိတယ် . . ချစ်ဖို့ ကောင်းတယ်ဆိုပြီးတော့ . . သူ့အဖေက လည်း သမီးကို ယောက်ျားလေးလို နေစေချင်တာလေ . . အဲဒါနဲ့ ပဲ ကျွန်တော် . . ကျွန်တော်ဆိုပြီး . . ဟဲ . . ဟဲ . ."

တစ်ယောက်တည်းပြောပြီး သဘောတွေကျနေသေးသည် ။ ပြီး

တော့ အိမ်ထဲကို ခါးဆန့်ပြီး လှမ်းကြည့်ကာ . . .

"ဒီလေး . . နင် ငါ့ကို မေ့တတ်တယ်လို့ မပြောနဲ့ နော် . . ငါအကုန်လုံး မှတ်မိနေပြီ . . ဟဲ . . ဟဲ . . ဟဲ . . သူ့အဖေကဆို သူ့သမီးကိုလေ . ."

"မာမီ . ."

"ဟင် . ."

ဒီလေး မျက်နှာ နီရဲနေကာ ဒေါ်ငြိမ်းချမ်း လန့်သွားသည့်မျက်နှာနှင့် မော့ကြည့်လာမှ သူမ မျက်နှာပေါ်က တင်းမာရိပ်တွေကို ဆတ်ခနဲလွှဲ၍ ဖျောက်ပစ်ရသည် ။

"ဘာလဲ ဟင် . . ဘာဖြစ်လို့ လဲ . . ငါ မှတ်မိတာတွေ ပြောနေတဲ့ ဥစ္စာ . ."

"မပြောပါနဲ့ မာမီရာ . . သူ့အဖေဆိုတာ မရှိတော့ဘူး . .။ အခု မရှိတော့တာတွေကို ထည့်ပြောမနေပါနဲ့ . ."

"အေးပါ . . သူ သေသွားပြီလေ . . သေပြီဆိုတာ ပြန်မလာတော့မှန်း ငါလည်း သိပါတယ် .."

"သိရင်လည်း ပြန်ပြန်ပြောမနေပါနဲ့ မာမီရာ . . မာမီ သစ်သီးတွေ တန်းမစားနဲ့ ဦးနော် . . ဆယ်မိနစ်လောက်တော့ စောင့်ဦး . . မာမီက ရင်ပြည့်တတ်လို့ . ."

စကားစဖြတ်၍ ဒီလေးက ဖုန်းကို အိတ်ထဲပြန်ကောက်ထည့်သည် ။ ဖုန်းကို ပြန်မြင်မှ ဒေါ်ငြိမ်းချမ်း စိတ်က ဖျတ်ခနဲ ပြန်ပြောင်းသွားလျက် . . .

"အဲ . . အဲဒါကို မေးမလို့ . . နင့်ရည်းစားလား . ."

"ဟင် . ."

"ခုန ရန်ဖြစ်နေတဲ့ ခင်ဗျားဆိုတာ . ."

ဒီလေး မျက်နှာပျက်သွားသည် ။

"မာမီကလည်း ဘယ်သူ့ကိုဖြစ်ဖြစ် ကိုယ့်ထက် အသက်ကြီးရင် ခင်ဗျားလို့ ပဲ ကျွန်တော် ပြောတတ်တဲ့ ဟာ . ."

"သိဘူးလေ . . ညည်းက ရန်ဖြစ်နေတော့ ရည်းစားလားလို့ . . ဟဲ . . ဟဲ . . လင်မယားဖြစ် သွားရင် ရန်မဖြစ်ရဘူးနော် . . နင် အရိုက်ခံရလိမ့် မယ် . ."

"မာမီ . ."

ဖျတ်ခနဲ ပြန်လှည့်ကာ မာမီစကားသံ ရပ်သွားအောင် ခေါ်လိုက်မိသ ည် ။ ပြီးတော့ ဒီလေး မျက်ဝန်းမှာ မျက်ရည်ကြည်တချို့ ရစ်ဝိုင်းလာ၏။

ရန်ဖြစ်ကြသံကြားတိုင်း "အဲဒါ လင်မယားလား" လို့ မေးပြီး ခေါင်း ထောင်ကြည့်တတ်သော အိမ်ထောင်ရေးကံ မကောင်းခဲ့ရှာသည့် မာမီ့ ကို ဒီလေး နာကျင်စွာ ငေးကြည့်နေမိ၏။

အဲဒါကြောင့် ယောကျ်ားတွေကို သူမ မုန်းသည် ။ ဒက်ဒီကစ၍ ဘယ် ယောကျ်ားကိုမှ အထင် မကြီးတတ်တော့သည့်စိတ်မှာ မုန်းတီးခြင်းပါ အမြစ်တွယ်၏။

အတိတ်ဆိုတာကို တစ်ရှူးတစ်စလို လွှင့်ပစ်ခဲ့လို့ ရရင်လည်း အ ကောင်းသား . . .။

* * *

# အခန်း (၃)

“ဒီလေးဆိုတာက ဘာမို့လို့ လဲ . . .”

“ဘာလဲဆိုတာ သိချင်ရင်တော့ ပြေးကြည့်လိုက်တော့ တင်တင် . . .”

ဒေါ်တင်တင်ခက် မချင့်မရဲနှင့် ဟိုမျက်နှာကြည့် . . ဒီမျက်နှာကြည့်ဖြစ်သွားမှ ဒေါ်သီရိကပဲ ဝင်၍ . .

“နာမည်ကြားရင်တော့ ယောကျ်ားလေးလိုလိုပဲ . . ဒါပေမဲ့ မိန်းကလေးပါ တင်တင်ရယ် . . အသားဖြူဖြူ ဖြူတာမှ အုနေတာပဲ . . မျက်ခုံးက တိုတိုပြားပြားပဲ . . ဒါပေမဲ့ အရာလေးပဲ ထင်တယ် . . .”

ချီးမွမ်းနေတာလား . . . ကဲ့ရဲ့ နေတာလား မသိအောင် ဒါပေမဲ့တွေ ခံပြီး မပြီးနိုင်အောင် ပြောနေသဖြင့် ဒေါ်စုလတ်ခိုင် စိတ်မရှည်သလို ဖြစ်လာသည် ။

သူများ ပြောနေတာမှ ဖြတ်ပြောပြန်ရင်လည်း မကောင်း . . .။

“နှာတံလည်း မပေါ်ပါဘူး . . မေးရိုးကားတယ် . . ။ နှုတ်ခမ်းက ထူထူပဲ . . ဒါပေမဲ့ စူလုံး နေတာ မဟုတ်ဘူး . . ခပ်ပြားပြားပဲ . .”

“ဒါဆို သဘောကောင်းတဲ့ မျက်နှာမျိုးပဲ . . .”

“ဟုတ်မှာ ပေ့ါ . . ဒါပေမဲ့ ဆိုးလိုက်တဲ့ အပြောကတော့ ပက်ပက်စက်စက်ပဲ . . . ရယ်လိုက်ရင် ပါးချိုင့်လေးနဲ့ လေ . . .။ မြင်လိုက်ရင် ဒီလောက်ဆိုးတယ် ဘယ်သူက ထင်မှာ လဲ . . .”

"ဘယ်မှာ လဲ ပါးချိုင့် . . ဘယ်တုန်းက ရယ်လိုက်လို့ ပါးချိုင့်ကို မြင်လိုက်ရတာလဲ . . ."

နားထောင်ရင်း နားကြားပြင်းကတ်နေသည့် ဒေါ်စုလတ်ခိုင်က စီးကရက်မီးညှိပြီး မီးခြစ်ကို ဒေါက်ခနဲ ပစ်ချကာ . . .

"ဆံပင်က ဆာမူရိုင်းတွေလို ကုပ်ထောက်သာသာ . . . ဆံမြိတ်ဘုတ်သိုက်နဲ့ ဘယ်လိုပုံစံမှန်း ကို မသိပါဘူး . .။ ကိုယ်လုံးကလည်း ဟိုအရင်ခေတ်က လှပါတယ်ပြောကြတဲ့ ပုံစံလေ . . . "လုံးကြီးပေါက်လှ" ဘာဆိုလား . . ဟွန်း . ."

"ဩော် . . ခိုင်ရယ် . . လှပါတယ် နင်ကလည်း . . ခုခေတ်မော်ဒယ်လ်တွေနဲ့ နည်းနည်းပဲ ကွဲတာ . . သူက ပိုပြီးဖွံ့တာမျိုးပါ . . .။ ဒီမှာ တင်တင် . . ယူ့မျက်လုံးထဲမှာ မြင်အောင် ပြောမယ် . . အရပ်မြင့်မြင့် ကိုယ်လုံးလှလှနဲ့ ဆံပင်ကတော့ သူပြောသလိုပဲ . . မျက်နှာက အမြဲတမ်း စူပွတင်းပြတ်နေတယ် . .။ စကတ် . . ဂါဝန် တစ်ခါမှ လည်း မဝတ်ဘူး . ."

"ယောကျ်ားလျာတော့ မဟုတ်ဘူး မို့လား . ."

"လုံးဝ မဟုတ်ဘူး . . ငါပြောချင်တာက သူ ရုပ်ဆိုးတာ လှတာလည်း နင်စိတ်မဝင်စားနဲ့ . .။ ဘာဖြစ်လို့ လဲဆိုတော့ သူ့ငွေနဲ့ သူ နီးစပ်စရာအကြောင်း ဘာမှ ကိုမရှိတာ . . ."

"ဟုတ်ရဲ့ လား သီရိရယ် . . နင်တို့ ပြောတဲ့ ပုံက ရုပ်ဆိုးတာလည်း မပါဘဲနဲ့ . ."

"မပါပေမယ့် ခိုင့်ကို မေးကြည့်ပါလား . . .။ အဲဒီကောင်မလေးက ဆိုက်ကိုတစ်ခုခု ဝင်နေပုံပဲ . . . သူ့မျက်နှာမှာ ဘာခံစားချက်မှ မရှိဘူး။ ပညာဂုဏ်ကလည်း ယောကျ်ားလေးတစ်ယောက်လို ရင်းနှီးတာမျိုးပဲ . . .

တကယ်တော့ အမြဲတမ်း အနီးကပ်ရှိနေကြတဲ့ လူတွေလည်း မဟုတ်ဘူးလေ . . . ငါ့အထင်တော့ သူက သူဌေး ပညာဂုဏ်ရဲ့ သက်တော်စောင့်ပါ . . .”

အလုပ်ကိစ္စကနေ ဒီလေးရဲ့ ကိုယ်ရေးရာဇဝင်နဲ့ ဂုဏ်နဲ့ နီးစပ်နိုင်ခြင်း . . မနိုင်ခြင်းကို တောက်လျှောက် ပြောဖြစ်နေကြကာ . . .

“စန္ဒာရေ . . . ဖုန်းလာနေတယ် . . ကိုင်လိုက်ဦး . .”

“အံမယ် . . သီရိလို့ ပဲ ခေါ်ပါနော် . . စန္ဒာဆိုတာ ကိုယ့်ချစ်သူတစ်ယောက်အတွက်ပဲ . .”

ဖုန်းကိုင်လိုက်ပြီး လှည့်နောက်လိုက်သေးသည် ။ ဒေါ်သီရိစန္ဒာက ခုချိန်ထိ ယောကျ်ားကို ချစ်သူလို့ ပဲ ပြောနေကျ . .။

“ဟယ်လို . . ရှင် . . ဩော် . . ဟုတ်ကဲ့ပါ . . ။ လွှတ်လိုက်ပါ့မယ် သူဌေး . . .”

“. . . . . . . . . . .”

“ရှင် . . ဒီညနေလား . . ။ ဦးမိုးလွန်က . . .”

“. . . . . . . . . . .”

“ဟုတ်ကဲ့ပါ . . . ဟုတ်ကဲ့ . . .”

ဖုန်းချလိုက်သည့် ပျာပျာသလဲပုံစံကြောင့် ဒေါ်စုလတ်ခိုင်တို့ မျက်နှာပျက်ကုန်ကြ၏။

“ဘာဖြစ်တာလဲ . . . ပါတီကိစ္စလား . . .”

“ဟုတ်တယ် ထင်တယ် . . . ဒီညနေ ကိုယ်စားလှယ်ရုံးခွဲကို သူဌေးလာမယ်တဲ့ . . . ဦးမိုးလွန် ကို ခေါ်ခိုင်းထားတာ . . .”

"ဟင် . . ."

သုံးယောက်စလုံး မျက်နှာတွေ ပျက်ကုန်ကြကာ စောစောက ပြုံးရယ်ခြင်းတွေပါ ပျောက်ဆုံး ကုန်ကြလျက် . . .။ ဝီစီသံ ကြားလိုက်ရသော သင်တန်းဆင်း တပ်သားတွေကဲ့သို့ . . .။

"ငါမပြောဘူးလား . . . အဲဒါတွေ ဖြစ်လာတာ ဒီလေးကြောင့် . . ."

"ဟဲ့ . . . သီရိနဲ့ ခိုင် . . နင်တို့ ငါ့ကိုတော့ ညှာတာပါဟာ နော် . . . ငါတို့ သားအမိ နာမည် တော့ လုံးဝမပေါက်ကြားပါစေနဲ့ . . ."

ဒေါ်တင်တင်ခက်က အပြေးအလွှား ပြင်ဆင်လှုပ်ရှားနေကြရင်း စိုးရိမ်တကြီး ပိတ်နေသေး သည် ။

"ငါကသမက်တစ်ယောက် အလိုရှိနေတာထက် . . . ပညာဂုဏ်ကိုပဲ ငါ့သမီးက . . ."

"အမလေး . . . တင်တင်ခက်ရယ် . . ."

ကားဆီကိုသွားကြဖို့ အခန်းပြင်ထွက်လာကြကာမှ ဒေါ်သီရိက ဒေါ်တင်တင်ခက်ရဲ့ လက်ကောက်ဝတ်ကို ကိုင်လှုပ်လိုက်ပြီး . . .

"ဘာဖြစ်လို့ သူဌေးနာမည်ကြီး တစ်လုံးတစ်ခဲကြီး ထည့်ထည့်ပြောနေရတာလဲ . . .။ ငါတော့ သေချင်တာပဲ . . ."

"အေးလေ . . ."

ဒေါ်စုလတ်ခိုင်က ဦးမိုးလွန်ဆီ ဖုန်းခေါ်နေရင်း ရှုံ့မဲ့ ကဲ့ရဲ့ လိုက်သေးသည် ။ ပြီးမှ သူဌေးက ခေါ်တဲ့ အကြောင်း ပြောပြကာ ဖုန်းပြန်ပိတ်၍ . . .

"အဲဒီ တင်တင်ဟာ ဘာဖြစ်ဖြစ် ဟန်ကို မဆောင်နိုင်ဘူး . . .။ တစ်ခု

ခုဖြစ်ချင်ရင်လည်း သူပဲ . . .။ ကြောက်ပြီဆိုလည်း နှစ်ယောက်မရှိဘူး . . .”

သုံးယောက်စလုံး ကားထဲ ဝင်ထိုင်ပြီးကာမှ . . .

“နှင့်သမီးနဲ့ သူဌေး နီးစပ်ဖို့ ကို ငါတို့ က ဝိုင်းကူညီရုံသက်သက်မှ မဟုတ်တာ . . .။ အားလုံး အကျိုးလိုလို့ ညောင်ရေလောင်းကြတာ . . . ဘယ်သူ့ကိစ္စပဲပေါ်ပေါ် . . . အားလုံး ပေါ်သွားမှာ ပဲ . . . စိတ်ညစ်ရတဲ့ အထဲ ရှင်းပြရတာက တစ်မျိုး . . .”

“တောက် . . . အဲဒီညက ဒီလေးဆိုတဲ့ ကောင်မစုတ်လေး ဘယ်လိုလုပ်ကပ်ပြီး ရောက်လာ တယ် မသိဘူး . . .”

“အေးနော် . . . ဦးမိုးလွန်လည်း ဒီလေး ပြန်လှည့်လာတာ ဘယ်လိုသိပြီး ကပ်ကပ်လေး ရှောင်ထွက်သွားတယ် မသိဘူး . . . မဟုတ်ရင် မလွယ်ဘူး . . .”

“သိရိရယ် . . . နင်လည်း အပြေးသန်တာပါပဲ . . . ငါတစ်ယောက်ပဲ သင်း လှည့်ကိုက်သွားတာကို ခံလိုက်ရတာ . . .”

“နင့်ကိုမြင်သွားရင် ပြဿနာမကြီးနိုင်လို့ ပါဟယ် . . . ဓားစာခံလှည့်ထားခဲ့တာ မဟုတ်ပါ ဘူး . . .”

ယောက်ျားဝတ်အမျိုးမျိုးနှင့် အသုံးအဆောင်ပစ္စည်းတွေကို အကောင်းဆုံး brand နှင့် တစ်နိုင်ငံလုံးမှာ နေရာယူထားခဲ့တာ Elder ကုမ္ပဏီပဲဖြစ်သည် ။

တကယ်ထုတ်လုပ်သည့် ကုမ္ပဏီကို ထိုင်းမှာ သူဌေးကြီး ဦးဇောတက ဦးဆောင်နေကာ သားဖြစ်သော ပညာဂုဏ်က မြန်မာတစ်ပြည်လုံး ဖြန့်ချိသူဖြစ်သည် ။

သားအဖနှစ်ယောက်၏ လျှို့ဝှက်ချက်က သူဌေးကြီးက ထိုင်းမိတ်ဒ်စစ်စစ်ဖြင့် အကောင်းဆုံး brand တစ်ခုအဖြစ် နေရာယူနိုင်အောင် ကြိုးစားသည် ။

သားဖြစ်သူက စီးပွားရေးကို ဝါသနာမပါ . . .။ ပညာဂုဏ်ဆိုသည့်အတိုင်း အင်ဂျင်နီယာဘွဲ့ နှင့် အထူးချွန်ဆုံးဖြစ်အောင် ကြိုးစားလာခဲ့ပြီးမှ ကိုယ့်ဝါသနာကို အကောင်အထည်ဖော်ခွင့် မရသည့် အခါ သူစိတ်ဝင်စားသွားခဲ့သည် က ပန်းချီဆွဲခြင်း . . . ကဗျာစပ်ခြင်း . . .။

စိတ်ထဲမှာ ခံစားမိလာသည့်အတိုင်း ပန်းချီဆွဲသည် . . .။ ကဗျာတိုလေးတွေအောက်မှာ ရေး၏။

ဒါကိုပဲ သဲကြီးမဲကြီး လုပ်တာလားဆိုတော့လည်း မဟုတ် . . .။

နိုင်ငံတကာမှာ Elder သည် အကောင်းဆုံး ဘရန်းဒ်အဖြစ် နေရာယူထားနိုင်သလောက် . .။

သူဌေး ဦးပညာဂုဏ်၏ ချမ်းသာကြွယ်ဝခြင်းကိုလည်း အသိုင်းအဝိုင်းအားလုံး အာသာငမ်း ငမ်း စိတ်ဝင်တစား ဖြစ်နေခဲ့သမျှ သူဌေးက ပန်းချီဆွဲမပျက် . . .။

ထိုအခါ သူ သွားကို သွားရမှာဖြစ်သည့် အရှိန်အဟု န်မပျက် လှုပ်ရှားနေရမည့် စီးပွားရေး ကွန်ရက်ထဲမှာ “ဒီရင်ခွင်” ပါလာခဲ့လေသည် ။

သူမနဲ့ ပညာဂုဏ် ဘယ်လိုပတ်သက်ဖူးကြသလဲ ဘယ်သူမှ မသိ . . .။ ခုထိ ဘယ်လိုပတ်သက် နေသလဲဆိုတာလည်း မသိကြသေးသလို . . . ဘယ်လောက်ထိ ပတ်သက်သွားနိုင်သလဲဆိုတာလည်း မသိကြ . . .။

ထို့ကြောင့် ပညာဂုဏ်ရယ် . . . ဒီရင်ခွင်နဲ့ လှုပ်ရှားနေကြသော Elder

ဂရုပ်(ပ်)နဲ့ ပတ်သက် ၍ . . .။

* * *

## အခန်း (၄)

“တွေ့တယ်မို့လား သမီး . . . မောင်အာကာ ပေးသွားတဲ့ လက်ဆောင် . . . တကယ့် အကောင်းစားဘရန်းဒ် Elder . . .”

“မာမီကလည်း အဲဒီလိုကြီး ညီမလေးရှေ့မှာ သွားမပြောလိုက်ပါနဲ့ . . . သူ့ယောက်ျား အခြေ အနေနဲ့ Elder ဘရန်းဒ်တွေ ဘယ်တတ်နိုင်မှာ လဲ . . .”

“ဟဲ့ . . . ခုခေတ်မှာ မြို့ကြီးပြကြီးတက်ပြီး စီးပွားရှာကြတာ လူစားဝတ်နေရေး ပြေလည်ရုံ တစ်ခုတည်းအတွက် မဟုတ်ကြတော့ဘူး . . . လူတစ်ယောက်ရဲ့ အသုံးအဆောင် ပြင်ဆင်မှုကပဲ သူ့ရဲ့ အဆင့်အတန်းကို သတ်မှတ်ပေးတာ . . . ဒီဘရန်းဒ်မျိုး ကိုင်နိုင်တဲ့ အဆင့် . . . မကိုင်နိုင်တဲ့ အဆင့်လို့ ကိုယ့်ဘာသာ ခွဲခြားနေလို့ ရမလား . . .”

“သူက နယ်ကလာတဲ့ လူလေ မာမီရယ် . . . ညီမလေးနဲ့ လက်ထပ်ခဲ့လို့ သာ . . .”

“အေး . . . ငါကလည်း အဲဒါကိုပြောတာ . . . “ဟန် ကိုယ့်ဖို့ . . မာန် သူ့ဖို့ ” တဲ့ . . .။ “အိမ်ကို လာရင် အိမ်နဲ့ ခြောက် . . . လမ်းထွက်ရင် အဝတ်အစားနဲ့ ခြောက်ရတယ်” . . ကိုယ့်ရဲ့ စိတ်ကို ကိုယ်က မြှင့်တင်မှ မြင့်မှာ ပေါ့ . . .”

ဇာတ်လမ်းကိုဆက်မကြည့်တော့ဘဲ လှမ်းပိတ်ထားလိုက်ပြီး ဂုဏ်နှု

တ်ခမ်းမှာ အပြုံးရိပ်တွေ ထင်နေ၏။

"သူက ဘယ်လောက်ထိ အတွေ့အကြုံရှိလို့ လဲ . . ."

"စီးပွားရေးကို ကလေးကစားစရာ မှတ်လို့ လား . . ."

"ဘာတွေ လျှောက်လုပ်ပြမှာ လဲ . . ."

စသဖြင့်သာ ကွယ်ရာမှာ ပြောကြသည့် အတင်းအဖျင်းတွေကို သူ ကြားခဲ့သည် ။ ဒါပေမဲ့ ဒီလေးကို သူဘာတစ်ခွန်းမှ မတားဆီးခဲ့ဘဲ လိုအပ်သမျှကို ဖွင့်ပေးထားခဲ့၏။

ခုတော့ ဗီဒီယိုဇာတ်လမ်းတွေထဲမှာ အကွက်ကျကျ ထည့်ပေးထားသည့် ကြော်ငြာခန်းလေး တွေက ပညာသားပါသည် ။

"ဒါ ကောင်းပါသည် " လို့ ကြော်ငြာတွေမှာ ပလူပျံအောင် ကြော်ငြာနေတာမဟုတ်ဘဲ တကယ့်ဇာတ်လမ်းတွေထဲမှာ နေရာတကျ ထည့်ပြောသွားတာမို့ ထိရောက်၏။

ထို့ပြင် နိုင်ငံခြားရုပ်ရှင်တွေထဲမှာ သရုပ်ဆောင်တွေ လွယ်ထားတဲ့ အိတ် . . .။ ဆောင်းတဲ့ ဦးထုပ် . . .။ ဖိနပ်ကအစ Elder တံဆိပ်ကို သုံးထားတဲ့ ဇာတ်ဝင်ခန်းတချို့ရှိသည် ။

ဒါကို ရအောင်ရှာ၍ ရုပ်သံလွှင့်နေတဲ့ လူကြည့်အများ ဆုံး ချန်နယ်လ်တွေမှာ လွှင့်သည် ။ ထိုပစ္စည်းကို ရှင်းလင်းစွာမြင်ရသည့် ပြကွက်မှာ No Signal သုံးစက္ကန့်လောက် ရအောင်ယူ၏။

"မင်းပဲ တတ်နိုင်တယ် ဒီလေးရာ . . . ဟား . . . ဟား . . ."

မနေနိုင် မထိုင်နိုင် တစ်ယောက်တည်းပြောရင်း ရယ်မိကာ "ကြံဖန်ပြီးတော့" လို့ ထပ်ပြောမိ ရင်း ခေါင်းခါနေမိ၏။

ဘယ်လို လုပ်ကွက်တွေနဲ့ ပဲ လိုက်ပါစေ ဗီဒီယိုဇာတ်လမ်းတွေမှာ ဟို မှ ပါ . . . ဒီမှ ပါ ဖြစ်လာ တော့ Elder ကို မသိတဲ့ သူ မရှိသလောက်ဖြစ်လာသည် ။

နိုင်ငံတကာထိ ပေါက်နေတဲ့ ဘရန်းဒ်ဆိုတာ တကယ်သိလာတော့ Elder ၏ ရောင်းအားက သိသိသာသာ မြင့်တက်လာခဲ့၏။

"ဟယ်လို . . ."

"ဒီလေး . . ငါပါ . . "

"ဘာကိစ္စရှိလို့ လဲ . .။ ကျွန်တော် အလုပ်ရှုပ်နေတယ် . . ."

"မင်းကိုလည်း ခိုင်းမလို့ မဟုတ်ပါဘူး . . .။ နားမှ နားရဲ့ လားလို့ . . . "

ဖုန်းကိုင်ရင်း စီးကရက်တစ်ဖက်နှင့် ဂုဏ့်မျက်နှာက ပြုံးနေ၏။ သူ ဘာပြောချင်တာမှန်း ဒီလေးကလည်း သိကာ . . .

"ဘာလဲ . . . ဘုန်းကြီးရူးနဲ့ လေ့လူးလို့ ဒီမှာ အပြောခံလိုက်ရတာ နည်းသေးလို့ ဥပမာတစ်ခု တပ်ချင်သေးလို့ လား . . ."

"ဟင် . . . ဘာ . . . ဘယ်သူက ပြောတာလဲ . . . "

"ဘယ်သူက ပြောပြောပါ . . .။ သူများ ဘာသာ ဘယ်လိုပဲ ကြိုးစားကြိုးစားပေါ့ . . . ကလေး လိုလို ခွေးလိုလို လုပ်တော့ရော ဘာဖြစ်လဲ . . .။ အထင်ကြီးချင်တာတောင် ကြီးရမှာ စိုးလို့ ကဲ့ရဲ့ တာ က ပါ သေးတယ် . . ."

"ဟား . . ဟား . . ဟား . . "

"ဘာရယ်တာလဲ . . "

"ငါ သိသွားလို့ လေ . . ဘာပဲဖြစ်ဖြစ် မင်းကို အထင်မကြီးဘဲ မနေနိုင်ကြတော့ဘူး . .။ ကျန် တာတွေ ထားလိုက်စမ်းပါ . . ."

"ထားလိုက်ပါတယ် . . . အခု ဘာကိစ္စလဲ . . ."

"ငါကတော့ မင်းကို လုံးဝ ဖြူဖြူစင်စင် ကွန်ဂရက်ကျူလေးရှင်း ပြောမလို့ ပါ . . ."

"ခင်ဗျားလည်း စပွန်ဆာအတွက် သုံးလိုက်ရတဲ့ ငွေတွေ အလကားဖြစ်သွားရင် ဒီလိုပြောမှာ မဟုတ်ပါဘူး . . ."

"ဒီလိုတော့ မစော်ကားနဲ့ ဒီလေးနော် . . . စီးပွားရေးကို စိတ်ဝင်စားလို့ မရတာ အဲဒီငွေလည်း ပါတယ်၊ ငါ အသုံးမကျလို့ စီးပွားပျက်ရတယ်လို့ ဒက်ဒီ အထင်အမြင်သေးပြောမှာ ကို မခံချင်ပေ မယ့် ငါငွေမမက်ဘူး . . ."

ပြောနေရင်း စီးကရက်ကို ခွက်ပေါ်ကနေ ပြာခြွေချလိုက်ကာ . . .

"ဒါပေမဲ့ မင်း လုပ်နေတာတွေနဲ့ ငါ နာမည်ကျော်နေတာလည်း သိပ်တော့ မခိုက်ဘူးကွ"

"အဲဒီတော့ မလုပ်ဘဲ နေလိုက်ရမလား . . ."

"အဟွန်း . . . မတည့်အောင် လာမပြောနဲ့ . . ."

"ဒါဆို ဒါပဲ . . . မအားဘူး . . ."

ပြောပြီးတာနှင့် တစ်စက္ကန့်လေးမှ မစောင့်ဘဲ ဖုန်းချပစ်သည် ။ ဒီလေးနဲ့ တွေ့ရင် သူ့မှာ ဦးပညာဂုဏ်ဆိုတဲ့ ခန့်ညားထည်ဝါမှုတွေလည်း မရှိတော့ . . .။

ရိုင်းလိုက်တဲ့ ကောင်မလေးဆိုပြီးတော့လည်း ဒေါသထွက်လို့ မရ . .

.။ ဒီလေးနဲ့ စပြီး မိတ်ဆက်တွေ့ဆုံပေးခဲ့တဲ့ သူငယ်ချင်း ထည်ဝါက သူမလေးရဲ့ အယူအဆနဲ့ နောက်ခံအတိတ် အကြောင်းတွေကို ပြောပြခဲ့သည် ။

Broken family တစ်ခုရဲ့ နာကျင်စရာ အပိုင်းအစများ နှင့် ကြွင်းကျန်ရစ်သော သနားစရာ မိန်းမငယ်လေးတစ်ယောက်ဖြစ်ကာ သူမကိုကြည့်ရင်တော့ ဒီလို ဘယ်သူမှ ထင်ကြမှာ မဟုတ်ပေ..။

“ဒီလေးက သူ့အမေကို အရမ်းချစ်ပြီး အဖေကိုတော့ အသေမုန်းနေတာကွ . . .။ အခု သူတို့ နေနိုင်တဲ့ အခြေအနေကို ကြည့်ပါလား . . .။ သူ့အဖေ ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်နိုင်မလဲ မင်းပဲ စဉ်းစား ကြည့် . . .။ ဒါပေမဲ့ သူငယ်ချင်းဖြစ်တဲ့ ငါ့ကိုတောင် သူ့အဖေ ဘယ်သူပါလို့ မပြောခဲ့ဘူး . . .။ တစ်ခုပဲပြောတယ် . . . သူ့အမေ စိတ်ဝေဒနာသည် ဖြစ်သွားခဲ့တာ သူ့အဖေကြောင့်တဲ့ . . .” စသဖြင့် . . .။

နောက်ထပ် ပြောပြသွားတာတွေ ရှိသေးသည် ။

အားလုံးသော အကြောင်းကြောင်းတွေကြောင့် ဒီလေးကို သူငဲ့ညှာခဲ့သည် ။ အတွင်းရေးမှူး ရှိတုန်းက ဒီလေးနဲ့ ပြိုင်ပြီး အပြောအဆိုကအစ အစစ အဆင်မပြေတာတွေရှိလာခဲ့ရင်း အတွင်းရေးမှူးကို သူပဲ ဖြုတ်ချခဲ့တာ ဖြစ်၏။

ခုကျတော့ ဒီလေးက အတွင်းရေးမှူးဖြစ်သွားလိုက် . . . ငယ်ပေါင်းကြီးဖော် သူငယ်ချင်းလို ဖြစ်သွားလိုက်နှင့် တချို့ကတော့ သူကပဲ သက်တော်စောင့်ထားတာလိုလို . . .။

ရယ်တော့ ရယ်ရသည် ။ လူတွေပြောကြတာကို မဖြေရှင်းဘဲ ဒီတိုင်းနေလာခဲ့ရင်း အလုပ် အပေါ်မှာ ပဲ အာရုံစိုက်မှု နည်းခဲ့သော . . .။ တစ်ခါတလေ အသောက်အစားရှိတတ်သော သူ့ရဲ့ ချို့ယွင်းမှုအရာရာအတွက်

ဒီလေးကပဲ စောင့်ကြည့်ကာကွယ်သွားရတာတွေ အများကြီးရှိလာသည်။

ခုချိန်ထိ ကိုယ့်ကိုယ်ကိုတောင် ဘာမှန်းမသိတော့ပေ . . .။

ဒီလေး ဦးဆောင်နေတဲ့ နောက်မှာ နေသာသလို နေခဲ့ရင်း အသုံးမကျတဲ့ လူတစ်ယောက်လို ဖြစ်လာမှာ ကို ဂရုစိုက်ရမှာ လား . . .။

ဘယ်လိုလူပဲ ဖြစ်သွားသွား ကိုယ်စိတ်သန်ရာ ကိုယ်လုပ်ပြီး စိတ်ချမ်းသာသလို နေလိုက်ရ မလား . . .။

ခုချိန်မှာ တော့ သူ့စိတ် နည်းနည်းလေးမှ မညစ် . . .။

* * *